ရန်ကုန်တိုင်းဒေသကြီး
အရှေ့ပိုင်းခရိုင်တရားရုံး

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၇၈၄
၂၀၁၉ ခုနှစ်၊ စက်တင်ဘာ လ (၃)ရက်။

| | | |
|---|---|---|
| Family United Power Co:Ltd (ငင်းကုမ္ပဏီကိုယ်စားအထွေထွေမန်နေဂျာ ဦးစောအောင်သူလင်း) | နှင့် | Myanmar Ngwe Sin Kyal Investment Group Co:Ltd (၎င်း၏မန်နေဂျင်းဒါရိုက်တာဦးထင်အောင်) (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ကေသွယ်(ခ) ကေသွယ်စိုး) |
| (တရားလို) | | (တရားပြိုင်) |

တရားလိုအတွက် – ဒေါ်သန်းမြင့်မော် ၊ အထက်တန်းရှေ့နေ
တရားပြိုင်အတွက် – ဦးသန်းအောင် ၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

အမှုမှာ တရားလို Family United Power Co:Ltd (၎င်းကုမ္ပဏီကိုယ်စားအထွေထွေမန်နေဂျာ ဦးစောအောင်သူလင်း) မှ တရားပြိုင် Myanmar Ngwe Sin Kyal Investment Group Co:Ltd (၎င်း၏မန်နေဂျင်းဒါရိုက်တာဦးထင်အောင်) (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ကေသွယ်(ခ) ကေသွယ်စိုး)အပေါ် စက်ယန္တရားငှားရမ်းခကျန်ငွေကျပ် (၂၉၆၀၇၃၅၀/–)ရလိုမှု စွဲဆိုသောအမှုဖြစ်သည်။

တရားလိုကုမ္ပဏီ၏အဆိုလွှာတွင် တရားလို Family United Power Co:Ltd သည် စက်ယန္တရားများအပါအဝင် ယာဉ်အမျိုးမျိုးကိုပြည်ပနိုင်ငံများမှ မှာယူတင်သွင်းပြီး စက်ယန္တရားအမျိုးမျိုးအား အငှားချထားလုပ်ကိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ တရားပြိုင်သည် ရွှေကျင်မြို့ရှိ ရွှေတူးဖော်ရေးလုပ်ငန်းခွင်များတွင် ရွှေတူးဖော်ခြင်းလုပ်ငန်းများလုပ်ကိုင်ကြောင်း တရားလို Family United Power Co:Ltd ထံမှ စက်ယန္တရားတစ်စီးအား ငှားရမ်းအသုံးပြုခဲ့ကြောင်း၊ တရားပြိုင်သည် တရားလိုကုမ္ပဏီပိုင်ဆိုင်သည့် Hyumdai (30) toms Excauaton (FUP-596) အမျိုးအစား စက်ယန္တရားတစ်စီးအား (၁ လ)လျှင် ငွေကျပ်(၉၅၀၀၀၀၀/–) (ကျပ်ကိုးဆယ့်ငါးသိန်းတိတိ)ဖြင့် ရွှေကျင်မြို့ရှိ ရွှေတူးဖော်ရေးလုပ်ငန်းတွင် (၃–လ)အသုံးပြုရန် တရားလိုကုမ္ပဏီ

ထံမှ ငှားရမ်းခဲ့သဖြင့် (၂၄.၂.၂၀၁၅)ရက်နေ့တွင် တရားလိုနှင့် တရားပြိုင်တို့ယန္တရားငှားရမ်းအသုံးပြုခွင့်ဆိုင်ရာနှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုပြီး တရားပြိုင်၏လက်ဝယ်သို့ပေးအပ်ခဲ့ကြောင်း၊ တရားလိုကုမ္ပဏီနှင့် တရားပြိုင်တို့ကြားချုပ်ဆိုခဲ့သည့် ယန္တရားငှားရမ်းအသုံးပြုခွင့်ဆိုင်ရာ နှစ်ဦးသဘောတူ စာချုပ်များတွင် အလုပ်ချိန်ကိုနှစ်ဦးသဘောတူသတ်မှတ်ချုပ်ဆိုခဲ့ကြောင်း၊ တရားပြိုင်သည် စက်ယန္တရားအား ရွှေကျင်မြို့သို့သယ်ဆောင်အသုံးပြုခဲ့ကြောင်း၊ စာချုပ်ပါသတ်မှတ်ကာလ (၃-လ)ကုန်ဆုံးပြီးနောက်ပိုင်းတွင်လည်း စက်ယန္တရားအား ၂၀၁၅ ခုနှစ်၊ ဩဂုတ်(၂၄)ရက်အထိ ဆက်လက်ငှားရမ်းအသုံးပြုခဲ့ကြောင်း၊ တရားပြိုင်သည် တရားလိုကုမ္ပဏီမှ စက်ယန္တရားငှားရမ်းအသုံးပြုခငွေအား (၇.၈.၂၀၁၅)ရက်နေ့အထိ ကျပ်သိန်း(၁၈၀) (ကျပ်သိန်းတစ်ရာ့ရှစ်ဆယ်)ကိုသာ တရားလိုကုမ္ပဏီသို့ပေးသွင်းပြီး (၇.၈.၂၀၁၅) ရက်နေ့ နောက်ပိုင်းမှစ၍ တရားလိုကုမ္ပဏီသို့ ပေးအပ်ရန်ကျန်ငွေများကို ပေးသွင်းခြင်းမရှိကြောင်း၊ တရားလိုကုမ္ပဏီသည် တရားပြိုင်ထံမှ စက်ယန္တရားအား (၂၅.၈.၂၀၁၅)ရက်နေ့နောက်ပိုင်းတွင် ပြန်လည်သိမ်းဆည်းခဲ့ပြီး တရားလိုကုမ္ပဏီနှင့် တရားပြိုင်တို့ (၁၂.၉.၂၀၁၅)ရက်နေ့တွင် စက်ယန္တရားငှားရမ်းခကျန်ငွေနှင့်ပတ်သက်၍ တရားလိုကုမ္ပဏီတွင် နှစ်ဖက်စာရင်းရှင်းလင်းခဲ့ကြရာ တရားပြိုင်မှ တရားလိုကုမ္ပဏီသို့ စက်ယန္တရား ငှားရမ်းခကျန်ငွေ ကျပ်(၂၉၆၀၇၃၅၀/-) (ကျပ်နှစ်ရာ့ကိုးဆယ့်ခြောက်သိန်းခုနှစ်ထောင့်သုံးရာငါးဆယ်)ပေးဆပ်ရန်ကျန်ရှိကြောင်း၊ တရားလိုကုမ္ပဏီက တရားပြိုင်ထံမှ ရထိုက်ခွင့်ရှိကြောင်း ဖော်ပြထားသည်။

တရားပြိုင်၏ချေလွှာတွင်ဖော်ပြထားသည်မှာ တရားပြိုင်သည် နိုင်ငံခြားသားလုပ်ငန်းရှင် (Mr Lu Ling Tao) Passport No G-36314512 သည် ဘာသာစကား အခက်အခဲရှိသဖြင့် တရားပြိုင်က တာဝန်ခံ၍ တရားလိုထံမှ စက်ယန္တရားတစ်စီးအား ငှားရမ်းပြီး Mr Lu Ling Tao နိုင်ငံခြားသားက အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ တရားပြိုင်သည် တရားလိုကုမ္ပဏီပိုင်ဆိုင်သည့် Hyumdai (30) toms Excauaton (FUP- 596) (၁)စီးကို (၃)လအသုံးပြုရန်အတွက် (၂၄.၂.၂၀၁၅)ရက်နေ့တွင် ယန္တရားငှားရမ်းအသုံးပြုခွင့်ဆိုင်ရာ နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုစဉ်အခါက နိုင်ငံခြားသားလုပ်ငန်းရှင် Mr Lu Ling Tao ၏ စကားပြန်ကိုယ်တိုင်ပါဝင်ကြောင်း၊ တရားလိုနှင့် တရားပြိုင်တို့သည် (၂၄.၂.၂၀၁၅)ရက်စွဲပါ ယန္တရားငှားရမ်းအသုံးပြုခွင့်ဆိုင်ရာ နှစ်ဦးသဘောတူစာချုပ်တစ်စောင်ကိုသာ ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ကျန်အကြောင်းခြင်းရာအချက်အလက်များမှာ စာချုပ်ပါစည်းကမ်းချက်များကိုဖော်ပြခြင်းဖြစ်ကြောင်း၊ တရားပြိုင်သည်စာချုပ်ပါ သတ်မှတ်ကာလ(၃)လကုန်ဆုံးပြီးနောက်ပိုင်းတွင်လည်း တရားလို ကုမ္ပဏီမှ ငှားရမ်းခဲ့သော စက်ယန္တရားအား ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်ထိ ဆက်လက်ငှားရမ်းအသုံးပြုခဲ့ခြင်းမရှိကြောင်း၊ စုစုပေါင်းငွေကျပ်သိန်း(၁၈၀)တိတိကို တရားလိုသို့ပေးသွင်းခဲ့သည်ဆိုသည်မှာ မှန်ကြောင်း၊ တရားလိုနှင့် တရားပြိုင်ချုပ်ဆိုထားသည့်စာချုပ်မှာ (၂၃.၅.၂၀၁၅)တွင် ငှားရမ်းခြင်းသတ်မှတ်ကာလကုန်ဆုံးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းနောက်ပိုင်း နိုင်ငံခြားသားက ဆက်လက်သုံးစွဲခြင်းဖြစ်ကြောင်း တရားပြိုင်

မကြီး- ၁၈၄/၂၀၁၆၊ စီရင်ချက် စာမျက်နှာ - ၃

နှင့် သက်ဆိုင်မှုမရှိကြောင်း၊ တရားပြိုင်ထံနိုင်ငံခြားသားက (၃)လပြည့်ပြီးနောက်ဆက်လက်ငှားရမ်း သုံးစွဲမည်ဖြစ်ကြောင်း၊ ဖုန်းဖြင့်ဆက်သွယ်ပြောကြားလာသော်လည်း တရားပြိုင်က တရားလို ကုမ္ပဏီထံ ဆက်လက်ငှားရမ်းရန်ပြောကြားခဲ့ခြင်းမရှိကြောင်း၊ တရားလိုက Mr Lu Ling Tao ထံသို့ (၁၀.၅.၂၀၁၅)ရက်စွဲပါစာဖြင့် Mr Lu Ling Tao နှင့် အဖွဲ့အား မြန်မာနိုင်ငံအတွင်း ပူးပေါင်း လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများအား (၁၀.၅.၂၀၁၅)နေ့မှစ၍ ရပ်ဆိုင်းထားပြီးဖြစ်ပြီး နောက်နောင် Mr Lu Ling Tao အဖွဲ့၏ မြန်မာနိုင်ငံတွင်းလုပ်ကိုင်လျက်ရှိသော ကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းမည်မဟုတ်ကြောင်းနှင့်ရွှေတူးဖော်လုပ်ကွက်ကိစ္စအဝဝအပြင် မြေကော်စက်ငှားရမ်းမှုစသည့် ကိစ္စများ အကယ်၍ငွေကြေးကိစ္စများပေါ်ပေါက်လာပါက မြန်မာငွေစင်ကြယ်သတ္တုတူးဖော်ရေး ကုမ္ပဏီအနေဖြင့် တာဝန်ယူမည်မဟုတ်ကြောင်း Mr Lu Ling Tao နှင့်အဖွဲ့၏တာဝန်အဖြစ်ပါ ကြောင်း၊ အကြောင်းကြားပြီးဖြစ်ကြောင်း၊ တရားလိုကုမ္ပဏီနှင့်တရားပြိုင်တို့ (၁၂.၉.၂၀၁၅)ရက်နေ့ တွင် စက်ယန္တရားငှားရမ်းခနှင့်ပတ်သက်၍ တရားလိုကုမ္ပဏီတွင် နှစ်ဖက်စာရင်းရှင်းလင်းခဲ့ရ ခြင်းမရှိကြောင်း၊ တရားပြိုင်က တရားလိုကုမ္ပဏီသို့ (၂၄.၂.၂၀၁၅)ရက်နေ့မှစ၍ (၃)လကာလ အတွင်းစက်ယန္တရားငှားရမ်းသည့်ငွေများကိုအပြေအကြေပေးချေပြီးဖြစ်ကြောင်း၊ တရားလိုတင်ပြ သည့် စာရင်းပေါ်တွင် တရားပြိုင်ကလက်မှတ်ရေးထိုးခဲ့ခြင်းမရှိကြောင်း၊ တရားပြိုင်၏လက်မှတ်လည်း မဟုတ်ကြောင်း တရားလိုတောင်းဆိုသည့် စက်ယန္တရားငှားရမ်းခကျန်ငွေကျပ် (၂၉၆၀၇၃၅၀/-) (ကျပ်နှစ်ရာကိုးဆယ့်ခြောက်သိန်းခုနစ်သောင်းသုံးရာငါးဆယ်)ကို တရားပြိုင်ကပေးရန် တာဝန် မရှိကြောင်း ဖော်ပြထားသည်။

တရားလိုနှင့်တရားပြိုင်တို့၏အဆိုလွှာ၊ အချေလွှာတို့အရ အောက်ပါ ငြင်းချက်များကို ထုတ်ခဲ့သည်။

## ငြင်းချက်များ

၁။ တရားပြိုင်သည် တရားလို Family United Power Co:Ltd မှ ပိုင်ဆိုင်သည့် စက်ယန္တရား(၁)စီးအား (၁လ)လျှင် (၉၅) သိန်းကျပ်ဖြင့် ရွှေတူးဖော်ရေးလုပ်ငန်း တွင် (၃)လအသုံးပြုရန် (၂၄.၂.၂၀၁၅)ရက်စွဲပါ ယန္တရားငှားရမ်းအသုံးပြုခွင့်ဆိုင်ရာ နှစ်ဦးသဘောတူစာချုပ်ချုပ်ဆို ငှားရမ်းရယူခဲ့သည်မှာ မှန်သလား။

၂။ စာချုပ်ပါ သတ်မှတ်ကာလ (၃)လ ကုန်ပြီးနောက် (၂၄.၈.၂၀၁၅) ရက်နေ့အထိ ယင်းစက်ယန္တရားကို တရားပြိုင်က တရားလိုထံမှ ဆက်လက်ငှားရမ်းခဲ့သည်မှာ မှန်သလား။

၃။ တရားပြိုင်က တရားလိုကုမ္ပဏီထံ ငှားရမ်းခငွေများပေးရန် ကျန်နေ၍ နှစ်ဖက် စာရင်းရှင်းလင်းကြရာ စက်ယန္တရားငှားရမ်းခကျန်ငွေမှာ (၂၉၆၀၇၃၅၀/-) ဖြစ်

မကြီး- ၁၉၄/၂၀၁၆၊ စီရင်ချက် စာမျက်နှာ - ၄

ကြောင်း တရားလို၊ တရားပြိုင်တို့နှစ်ဖက်မှအတည်ပြု လက်မှတ်ရေးထိုးခဲ့သည်မှာ မှန်သလား။

၄။ တရားလိုသည် မည်သည့်သက်သာခွင့်ရထိုက်ပါသနည်းစသည်တို့ဖြစ်သည်။

ငြင်းချက်(၁)

တရားလို၏အဆိုလွှာတွင် တရားလိုနှင့်တရားပြိုင်တို့သည် စက်ယန္တရားငှားရမ်းခြင်းစာချုပ်ကို (၂၄.၂.၂၀၁၅)ရက်နေ့တွင် နှစ်ဦးသဘောတူချုပ်ဆိုခဲ့ပြီး သတ်မှတ်ကာလ(၃)လငှားရမ်းခဲ့ကြောင်း၊ (၂၄.၈.၂၀၁၅)ရက်နေ့ထိ ဆက်လက်ငှားရမ်းအသုံးပြုခဲ့ကြောင်း၊ စက်ယန္တရားငှားရမ်းခငွေကျပ်သိန်း(၁၈၀)အား (၇.၈.၂၀၁၅)ရက်နေ့အထိပေးသွင်းခဲ့ကြောင်း၊ စက်ယန္တရားငှားရမ်းခကျန်ငွေ(၂၉၆၀၇၃၅၀/-) (ကျပ်နှစ်ရာကိုးဆယ့်ခြောက်သိန်းခုနှစ်သောင်းသုံးရာငါးဆယ်)ပေးရန် တရားပြိုင်ကရှိကြောင်း ဖော်ပြထားပြီး တရားပြိုင်၏ချေလွှာတွင် နိုင်ငံခြားသားလုပ်ငန်းရှင် Mr Lu Ling Tao သည် ဘာသာစကားအခက်အခဲရှိသဖြင့် တရားပြိုင်ကတာဝန်ခံ၍ တရားလိုထံမှ စက်ယန္တရားတစ်စီးငှားရမ်းခဲ့ကြောင်း၊ တရားလိုနှင့်တရားပြိုင်တို့သည် (၂၄.၂.၂၀၁၅)ရက်စွဲပါ ယန္တရားငှားရမ်းခြင်းနှစ်ဦးသဘောတူစာချုပ်ကိုချုပ်ဆိုခဲ့ကြောင်း၊ စာချုပ်ပါသတ်မှတ်ကာလ(၃)လကုန်ဆုံးပြီးနောက်ပိုင်းတွင်လည်း တရားလိုကုမ္ပဏီထံမှ စက်ယန္တရားအား ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်နေ့ထိ ဆက်လက်ငှားရမ်းအသုံးပြုခဲ့ခြင်းမရှိကြောင်း၊ စုစုပေါင်းငွေကျပ်သိန်း(၁၈၀)အား တရားလိုထံပေးသွင်းခဲ့သည်မှာ မှန်ကြောင်း၊ တရားလိုတောင်းဆိုသည့်စက်ယန္တရားငှားရမ်းခကျန်ငွေကျပ်(၂၉၆၀၇၃၅၀/-) (ကျပ်နှစ်ရာကိုးဆယ်ခြောက်သိန်းခုနှစ်သောင်းသုံးရာ့ငါးဆယ်)ကို တရားပြိုင်ကပေးရန်တာဝန်ရှိကြောင်း ချေပထားသည်။

တရားလို ဦးစောအောင်သူလင်းမှ ထွက်ဆိုရာတွင် ၎င်းသည် ကုမ္ပဏီတွင် မန်နေဂျာအဖြစ်တာဝန်ယူဆောင်ရွက်ကြောင်း၊ အမှုအားကိုယ်စားဆောင်ရွက်ရန်ကုမ္ပဏီဒါရိုက်တာအဖွဲ့မှစည်းဝေးမှတ်တမ်းဖြင့်တာဝန်ပေးခဲ့ကြောင်း၊ တရားပြိုင်ကုမ္ပဏီမန်နေဂျာ ဦးထင်အောင်သည် စက်ယန္တရားငှားရမ်းရန်ကုမ္ပဏီသို့လာရောက်ခဲ့ကြောင်း၊ (၂၄.၂.၂၀၁၅)ရက်နေ့တွင် နှစ်ဦးသဘောတူစက်ယန္တရားငှားရမ်းခြင်းစာချုပ်ပြုလုပ်ပြီး စာချုပ်တွင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ တစ်လလျှင် (၉၅)သိန်းကျပ်ဖြင့်ငှားရမ်းခဲ့ကြောင်း၊ ငွေကျပ်သိန်း(၈၀)ကို တရားလိုကုမ္ပဏီသို့ပေးသွင်းခဲ့ကြောင်း၊ ကျန်ရှိသော ငွေကျပ်(၁၅)သိန်းကို (၆.၃.၂၀၁၅)ရက်နေ့တွင် ပေးအပ်ရန်သဘောတူခဲ့ကြောင်း၊ စည်းကမ်းချက်များသတ်မှတ်ငှားရမ်းခဲ့ကြောင်း၊ စက်ယန္တရားနှင့်အတူကုမ္ပဏီဝန်ထမ်းများထည့်ပေးခဲ့ကြောင်း၊ (၃)လငှားရမ်းအသုံးပြုပြီး ဆက်လက်ငှားရမ်းရန် ဦးထင်ကျော်မှ ကုမ္ပဏီသို့လာရောက်တောင်းဆိုသဖြင့် တရားလိုကုမ္ပဏီမှဆက်လက်ငှားရမ်းခဲ့ကြောင်း၊ တရားပြိုင်သည်တရားလိုထံမှ သက်သေခံ(က)စာချုပ်ဖြင့် ငှားရမ်းထားသော စက်ယန္တရားအား စာချုပ်ပါစတင်

ငှားရမ်းအသုံးပြုခဲ့သည့် (၂၄.၂.၂၀၁၅)ရက်နေ့မှ (၂၄.၈.၂၀၁၅)ရက်နေ့ထိ၊ ရွှေကျင်မြို့ရှိ ၎င်း၏ လုပ်ငန်းခွင်တွင်အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ သတ်မှတ်ကာလပြည့်သဖြင့် (၂၅.၈.၂၀၁၅)နေ့တွင် တရားလိုကုမ္ပဏီမှပြန်လည်၍ ရန်ကုန်မြို့သို့သယ်ခဲ့ကြောင်း၊ တရားလိုကုမ္ပဏီမှ တာဝန်ပေးအပ်သည့် ဝန်ထမ်းများမှစက်ယန္တရားအသုံးပြုမှုကို နေ့စဉ်အလိုက်စာရင်းမှတ်သားရေးသွင်းထားကြောင်း၊ သက်သေခံ(ဃ)အကြောင်းကြားစာဖြင့် ပေးပို့ခဲ့သော တရားပြိုင်ထံမှကျန်ရှိသည့်ငွေကြေးဖော်ပြချက်မှာ တရားလိုကုမ္ပဏီငွေစာရင်းကိုင်များမှ ငွေစာရင်းတွက်ချက်ရာ၌ အနည်းငယ်ကွာဟသွားသည့်အတွက် ဦးထင်အောင်ထံမှ အမှန်တကယ်ရရန်ကျန်ငွေမှာ (၂၉၆၀၇၃၅၀ိ/-)ဖြစ်ကြောင်း ငွေများပေးအပ်ရန်အကြောင်းကြားသော်လည်း ပေးအပ်ခြင်းမရှိကြောင်း၊ တရားပြိုင်ထံမှ တရားလိုကုမ္ပဏီရရန်ရှိသော စက်ယန္တရားငှားရမ်းခကျန်ငွေမှာ (၂၉၆၀၇၃၅၀ိ/-)ဖြစ်ကြောင်းထွက်ဆိုသည်။

မဟန်နီကျော့ကျော့ရှင်း (လိုပြ-၁)၊ ဒေါ်ဇင်မာအောင် (လိုပြ-၂)၊ မတင့်နန္ဒာစိုး (လိုပြ-၃)၊ ကိုသန်းထိုက်အောင် (လိုပြ-၄)တို့မှ တရားလိုကုမ္ပဏီ၏ကိုယ်စားအထွေထွေမန်နေဂျာ ဦးစောအောင်သူလင်း၏ထွက်ဆိုချက်ကို ထောက်ခံထွက်ဆိုသည်။

ဒေါ်ကေသွယ်(ခ)ကေသွယ်စိုး တရားပြိုင်ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးထင်အောင်၏ အခွင့်ရကိုယ်စားလှယ်မှ ထွက်ဆိုရာတွင် ၎င်းသည် မြန်မာငွေစင်ကြယ်ကုမ္ပဏီတွင်ဒါရိုက်တာအဖွဲ့ဝင်ဖြစ်ကြောင်း၊ ၎င်းအားကိုယ်စားလှယ်အဖြစ်တာဝန်ပေးခဲ့ကြောင်း၊ တရားလိုဖြစ်သူ Family United Power Co:Ltd ကုမ္ပဏီ၏ရှယ်ယာဖြစ်သူ ဦးအောင်တင်စိုးထံမှ ဦးထင်အောင်က စက်ယန္တရားတစ်စီးကို ရွှေလုပ်ငန်းလုပ်ကိုင်ရန်အတွက် တစ်ဂျူတီလျှင်(၃၈၀၀၀၀ိ/-)နှုန်းဖြင့် ငှားရမ်းခြင်းစာချုပ်ကိုချုပ်ဆိုခဲ့ကြောင်း ကြိုတင်ငွေကျပ်သိန်း(၈၀)ပေးခဲ့ရကြောင်း၊ (၆.၃.၂၀၁၅)ရက်နေ့တွင်ကျန်ငွေ(၁၅)သိန်းပေးချေရန်စာချုပ်၌ ဖော်ပြထားကြောင်း၊ ငှားရမ်းခြင်းစာချုပ်အရ (၃လ) သာငှားသဖြင့် (၂၃.၅.၂၀၁၅)တွင် ငှားရမ်းခြင်းသက်တမ်းကုန်ကြောင်း၊ အဆိုပါယန္တရားငှားရမ်းခြင်းမှာ နိုင်ငံခြားသားလုပ်ငန်းရှင် Mr Lu Ling Tao အသုံးပြုရန်ငှားရမ်းပေးခြင်းဖြစ်ကြောင်း၊ ငှားရမ်းသည့်ကာလမှ (၃လ)ဖြစ်ပြီး၊ (၂၄.၂.၂၀၁၅)နေ့မှစ၍ (၂၄.၅.၂၀၁၅)နေ့ထိ ငှားရမ်းခြင်းဖြစ်ကြောင်း၊ ငှားရမ်းခြင်းစာချုပ်တွင် စည်းကမ်းများသတ်မှတ်ထားကြောင်း၊ ဆက်လက်ငှားရမ်းမည်ဆိုပါက ငှားရမ်းမည့်ကာလအတွက် ဆက်လက်စာချုပ်ချုပ်ဆိုရသည်ဟုပါရှိကြောင်း၊ တရားပြိုင်သည် စာချုပ်သက်တမ်း(၃လ)ပြည့်ပြီးနောက် ဆက်လက်ငှားရမ်းသုံးစွဲခြင်းမရှိကြောင်း တရားပြိုင်က Mr Lu Ling Tao ထံသို့ ရက်စွဲမမှတ်မိ ၅ လပိုင်း ၂၀၁၅ ရက်နေ့တွင် ပူးပေါင်းအဖွဲ့နှင့်လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများအားရပ်ဆိုင်းကြောင်း အကြောင်းကြားခဲ့ကြောင်း၊ အကြောင်းကြားစာအား သက်သေခံအဖြစ်တင်ပြကြောင်း၊ တရားလိုကုမ္ပဏီနှင့်တရားပြိုင်တို့ စက်ယန္တရားငှားရမ်းခြင်းနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက်စာရင်းရှင်းလင်းခြင်းမရှိကြောင်း၊ တရားလိုကုမ္ပဏီ၏ စာရင်းကိုင်ချုပ် ဒေါ်တင့်နန္ဒာစိုး၏ထွက်ဆိုချက်တွင် တရားလိုကုမ္ပဏီသို့ တရားပြိုင် ဦးထင်အောင်လာရောက်ခြင်းမရှိ

၍ နှစ်ဖက်စာရင်းရှင်းလင်းခဲ့ခြင်းမရှိကြောင်းထွက်ဆိုခဲ့ကြောင်း၊ တရားလို ဦးစောအောင်သူလင်းမှ တရားပြိုင်ဘက်မှ မူလအသုံးပြုထားသော ကျသင့်ငွေများအားပေးချေခဲ့ကြောင်း ထွက်ဆိုထားကြောင်း၊ တရားလိုက ရှေ့နေနို့တစ်စာပေးရာ (၂၄.၂.၂၀၁၅)ရက်နေ့မှ (၃)လကာလနောက်ပိုင်းကိစ္စများ တရားပြိုင်နှင့်မသက်ဆိုင်ကြောင်း ပြန်ကြားခဲ့ကြောင်း၊ တရားလိုတောင်းဆိုသည့်ငှားရမ်းခငွေကျပ် (၂၉၆၀၇၃၅၈/-)ကိုပေးရန် တာဝန်မရှိကြောင်း ထွက်ဆိုသည်။

အဆိုအချေပါဖော်ပြချက်များနှင့် နှစ်ဖက်ထွက်ဆိုတင်ပြချက်များကို ချိန်ဆ၍သုံးသပ်ရာတွင် တရားလိုကုမ္ပဏီနှင့် တရားပြိုင် ဦးထင်အောင်တို့သည် (၂၄.၂.၂၀၁၅)ရက်နေ့တွင် ယန္တရားငှားရမ်းအသုံးပြုခွင့်ဆိုင်ရာ နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။ ငှားရမ်းခြင်းအတွက် သဘောတူညီကြသည့် စည်းကမ်းချက်များကိုလည်း ပိုင်ရှင်နှင့်ငှားရမ်းသူ ဦးထင်အောင်တို့က အသိသက်သေများရှေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

တရားလို ကုမ္ပဏီမှ စက်ယန္တရားတစ်စီးအား ငှားရမ်းအသုံးပြုရန် (၂၄.၂.၂၀၁၅) ရက်နေ့ ငှားရမ်းခြင်းစာချုပ်ဖြင့် (၃လ) သတ်မှတ်ငှားရမ်းခဲ့ပြီး စက်ငှားရမ်းခြင်းအတွက် ငှားရမ်းသူ ဦးထင်အောင်မှ ကျပ်သိန်း(၈၀)ကို ကုမ္ပဏီသို့ပေးသွင်းသည်။

တရားလိုကုမ္ပဏီနှင့် တရားပြိုင် ဦးထင်အောင်တို့သည် (၂၄.၂.၂၀၁၅)ရက်နေ့ ယန္တရားငှားရမ်းအသုံးပြုခွင့်ဆိုင်ရာ နှစ်ဦးသဘောတူစာချုပ်အရ ငှားရမ်းအသုံးပြုခဲ့ခြင်းကို အငြင်းပွားမှုမရှိသော်လည်း နိုင်ငံခြားသားလုပ်ငန်းရှင် Mr Lu Ling Tao အသုံးပြုရန်ငှားရမ်းပေးခြင်းဖြစ်ကြောင်း ထုချေတင်ပြသည်။

တရားပြိုင် ဦးထင်အောင်မှ စက်ယန္တရားငှားရမ်းခြင်း သဘောတူစာချုပ်နှင့် ငှားရမ်းခြင်းအတွက် သဘောတူညီကြသည့်စည်းကမ်းချက်များတွင် ငှားရမ်းသူနေရာတွင် လက်မှတ်ရေးထိုးထားသည်။ ယန္တရားငှားရမ်းရန်အတွက် တရားလိုကုမ္ပဏီသို့သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမှုများရှိခဲ့သည်။

ဒေါ်ကျင်ဥ နှင့် ဦးညွန့်မောင် အမှု[၁]တွင် ပဋိညာဉ်စည်းကမ်းချက်များကို စာချုပ်စာတမ်းပြု၍ ရေးသားထားလျှင် ထိုစာချုပ်စာတမ်းမှတပါး အခြားသက်သေခံချက်တင်သွင်း၍ ထိုပဋိညာဉ်စည်းကမ်းချက်များကို ထင်ရှားအောင်ပြုခွင့်မရှိကြောင်း စီရင်ထုံးဖွဲ့ထားသည်။

စာချုပ်တွင် လက်မှတ်ရေးထိုးပြီး တာဝန်ယူထားသူက မိမိတွင် တာဝန်မရှိပါ။ အခြားပုဂ္ဂိုလ်တွင်သာ တာဝန်ရှိပါသည်ဟု နှုတ်သက်သေတင်ပြခွင့်မရှိပေ။ စာချုပ်တာဝန်ကိုမည်သူက

---

၁။ ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁

ထမ်းဆောင်ရမည်ဆိုသော ဖော်ပြချက်မှာ ပဋိညာဉ်စည်းကမ်းချက်တစ်ခုဖြစ်သည့်အလျောက် ယင်းစည်းကမ်းချက်ကို နှုတ်သက်သေခံဖြင့် ဆန့်ကျင်ရန်သက်သေခံဥပဒေပုဒ်မ ၉၂ က ခွင့်မပြုကြောင်းတွေ့ရသည်။

ပဋိညာဉ်စာချုပ်တွင် ကိုယ်တိုင်တာဝန်ခံ၍ချုပ်ဆိုခဲ့ပါမူ သူတစ်ပါး၏ကိုယ်စားလှယ်အဖြစ် ချုပ်ဆိုခြင်းဖြစ်၍ မိမိနှင့်သက်ဆိုင်ခြင်းမရှိကြောင်း ငြင်းဆိုခွင့်လည်းရှိမည်မဟုတ်ပေ။

တရားလိုကုမ္ပဏီနှင့် တရားပြိုင် ဦးထင်အောင်တို့သည် (၂၄.၂.၂၀၁၅)ရက်နေ့တွင် ရွှေတူးဖော်ရေးလုပ်ငန်းအတွက် ယန္တရားငှားရမ်းခြင်း နှစ်ဦးသဘောတူစာချုပ်ကို သက်သေများရှေ့တွင်ချုပ်ဆိုခဲ့ကြောင်း သက်သေခံ(က)အရ တွေ့ရသည်။ တရားပြိုင်၏အခွင့်ရကိုယ်စားလှယ် ဒေါ်ကေသွယ်(ခ)ကေသွယ်စိုးမှ Mr Lu Ling Tao အသုံးပြုရန် ငှားရမ်းကြောင်း ထုချေတင်ပြသော်လည်း သက်သေခံအထောက်အထားများဖြင့် တင်ပြနိုင်မှုမရှိသည်ကိုတွေ့ရသည်။

အထက်ပါအကြောင်းများကြောင့် တရားပြိုင်သည် တရားလို Family United Power Co:Ltd မှ ပိုင်ဆိုင်သည့် စက်ယန္တရား(၁)စီးအား (၁လ)လျှင် (၉၅)သိန်းကျပ်ဖြင့် ရွှေတူးဖော်ရေးလုပ်ငန်းတွင်(၃)လအသုံးပြုရန် (၂၄.၂.၂၀၁၅)ရက်စွဲပါ ယန္တရားငှားရမ်းအသုံးပြုခွင့်ဆိုင်ရာ နှစ်ဦးသဘောတူစာချုပ်ချုပ်ဆို၍ ငှားရမ်းရယူခဲ့သည်မှာ မှန်ကြောင်းဖြေဆိုသည်။

ငြင်းချက်(၂)

တရားလို ကုမ္ပဏီနှင့် တရားပြိုင် ဦးတင်အောင်တို့သည် ရွှေကျင်မြို့ရှိ ရွှေတူးဖော်ရေးလုပ်ကွက်တွင် စက်ယန္တရားကိုငှားရမ်းအသုံးပြုရာတွင် တရားလိုကုမ္ပဏီမှ ဝန်ထမ်းများကို စက်ယန္တရားနှင့်အတူ တာဝန်ပေးခဲ့ခြင်းဖြစ်သည်။ ငှားရမ်းသည့်စာချုပ်အရ သက်တမ်း(၃)လပြည့်ပြီးနောက် ဆက်လက်ငှားရမ်းလိုသဖြင့် တရားလိုကုမ္ပဏီမှငှားရမ်းခဲ့ကြောင်းတင်ပြသည်။

ဦးသန်းထိုက်အောင် (လိုပြ-၄) ဆိုက်မန်နေဂျာမှ စက်ယန္တရားမောင်းနှင်ခဲ့သည့် ဂျူတီစာရင်းစာရွက်အား သက်သေခံ(ဇ)မှ (ဇ-၅)အထိ တင်ပြခဲ့သည်။ တရားလိုကုမ္ပဏီ၏ မန်နေဂျာ တရားလို ဦးစောအောင်သူလင်းမှလည်း (၂၄.၂.၂၀၁၅)ရက်နေ့မှ (၂၄.၈.၂၀၁၅)ရက်နေ့ထိ ရွှေကျင်မြို့ရှိ လုပ်ငန်းတွင် တရားပြိုင် ဦးထင်အောင်မှ သုံးစွဲခဲ့ကြောင်းတင်ပြသည်။ (၂၈.၈.၂၀၁၅)ရက်နေ့တွင် စက်ယန္တရားအား ရန်ကုန်မြို့သယ်ဆောင်ခဲ့ခြင်းဖြစ်သည်။

တရားပြိုင်၏အခွင့်ရကိုယ်စားလှယ် ဒေါ်ကေသွယ်(ခ)ကေသွယ်စိုးတစ်ဦးတည်းမှ စက်ယန္တရားအား (၃-လ)ငှားရမ်းခြင်းဖြစ်ကြောင်း (၃-လ)ပြည့်ပြီး ဆက်လက်ငှားရမ်းခြင်းမပြုကြောင်း၊ တင်ပြသော်လည်း စက်ယန္တရားငှားရမ်းခငွေကျပ်သိန်း(၁၀၀)အား (၇.၈.၂၀၁၅)ရက်နေ့တွင် ပေးသွင်းကြောင်း မတင့်နန္ဒာစိုး(လိုပြ-၃)နှင့် ကိုသန်းထိုက်အောင် (လိုပြ-၄)တို့မှ ထွက်ဆိုထားသည်။ စက်ယန္တရားအား ရွှေကျင်မြို့ရှိ ရွှေတူးဖော်ရေးလုပ်ငန်းတွင် လုပ်ကိုင်ကြောင်းတင်ပြသည်။

မကြီး- ၁၈၄/၂၀၁၆၊ စီရင်ချက် စာမျက်နှာ - ၈

တရားလိုကုမ္ပဏီမှ ဝန်ထမ်းများသည် စက်ယန္တရားနှင့်အတူရှိနေပြီး လုပ်ငန်းဆောင်ရွက်မှု ဂျူတီစာရင်းတင်ပြနိုင်ပြီး စက်ယန္တာရားမှာ ရွှေကျင်မြို့ရှိ ရွှေတူးဖော်ရေးလုပ်ငန်းတွင် (၂၄.၈.၂၀၁၅)ထိရှိနေပြီး (၂၈.၈.၂၀၁၅)ရက်နေ့တွင် တရားလိုကုမ္ပဏီမှ ရန်ကုန်မြို့သို့ သယ်ဆောင်ခဲ့ကြောင်းတွေ့ရသည်။

ထို့ကြောင့် စာချုပ်ပါသတ်မှတ်ကာလ (၃)လကုန်ပြီးနောက် (၂၄.၈.၂၀၁၅)နေ့အထိ စက်ယန္တရားကို တရားပြိုင်က တရားလိုထံမှ ဆက်လက်ငှားရမ်းခဲ့သည်မှာ မှန်ကြောင်းဖြေဆိုသည်။

ငြင်းချက်(၃)

တရားပြိုင်သည် စက်ယန္တရားငှားရမ်းပြီးနောက် (၂၄.၂.၂၀၁၅)ရက်နေ့ ငှားရမ်းခြင်းစာချုပ်ပြုလုပ်ရာတွင် ကြိုတင်ငွေကျပ်သိန်း(၈၀)ပေးသွင်းပြီး ငွေကျပ်သိန်း(၁၀၀)ကို (၇.၈.၂၀၁၅)ရက်နေ့တွင် ပေးချေခဲ့သည်။ စုစုပေါင်းငွေကျပ်သိန်း(၁၈၀)ကျပ်ကို စက်ယန္တရားငှားရမ်းခအဖြစ်ပေးခဲ့ခြင်းဖြစ်သည်။

တရားလိုကုမ္ပဏီမှ စက်ယန္တရားလုပ်ငန်း မန်နေဂျာဆိုက်တာဝန်ခံ၏ထွက်ဆိုချက်နှင့် သက်သေခံ (ဇ)မှ (ဇ-၅)ထိ ဂျူတီစာရင်းများအရ တရားပြိုင် ဦးထင်အောင်ထံမှ ငှားရမ်းခရရန်ကျန်ငွေမှာ (၂၉၆၀၇၃၅၀/-) (ကျပ်နှစ်ရာ့ကိုးဆယ်ခြောက်သိန်းခုနစ်ထောင်သုံးရာငါးဆယ်) ဖြစ်ကြောင်း သက်သေခံ(ဆ) ငွေစာရင်းစာရွက်တွင် ဖော်ပြထားသည်။ သက်သေခံ(ဆ)ငွေစာရင်းစာရွက်ပေါ်တွင် ရေးထိုးထားသောလက်မှတ်မှာလည်း တရားပြိုင် ဦးထင်အောင်ရေးထိုးကြောင်း၊ စစ်ဆေးတွေ့ရှိသည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှူးခင်းရဲတပ်ဖွဲ့မျှူးရုံး နေပြည်တော်မှ တင်ပြလျှက်ပေးပို့ခဲ့သည်။

တရားပြိုင်၏အခွင့်ရကိုယ်စားလှယ်မှ စက်ယန္တရားငှားရမ်းခအတွက် ပေးသွင်းငွေများရှိကြောင်း၊ တရားပြိုင်၏အချေလွှာအရ ပေးသွင်းငွေကျပ်သိန်း(၁၈၀)ဖြစ်ကြောင်းသာ တင်ပြပြီး စက်ယန္တရားငှားရမ်းခမည်မျှပေးရန်ကျန်ရှိကြောင်း တင်ပြခြင်းမပြုပေ။ (၃လ) သတ်မှတ်ငှားရမ်းပြီး ဆက်လက်ငှားရမ်းခြင်းမရှိကြောင်းသာ တင်ပြသည်။

တရားလို ကုမ္ပဏီ၏ စက်ယန္တရားလုပ်ငန်းဆိုက်တာဝန်ခံ၏ မှတ်တမ်းပြုထားသော ဂျူတီစာရင်းများအရလည်းကောင်း၊ စာရင်းစစ်တာဝန်ခံ၏ စက်ယန္တရားငှားရမ်းခငွေရရန် တွက်ချက်မှုတွင် ရရန်ငွေစာရင်းစာရွက်တွင် တရားပြိုင် ဦးထင်အောင်မှ လက်မှတ်ရေးထိုးထား၍လည်းကောင်း၊ တရားလိုကုမ္ပဏီမှ စက်ယန္တရားငှားရမ်းထားကြောင်း တင်ပြနိုင်ပြီး (၂၈.၈.၂၀၁၅) ရက်နေ့တွင်မှ ရွှေကျင်မြို့ ရှိ လုပ်ငန်းဆောင်ရွက်သည့်နေရာမှ ရန်ကုန်မြို့သို့ပြန်လည်သယ်ယူလာကြောင်းတင်ပြခြင်း၊ တရားပြိုင်မှ တရားလိုကုမ္ပဏီထံမှ စက်ယန္တရားအားစာချုပ်ဖြင့် ငှားရမ်းခဲ့ပြီး (၂၃.၈.၂၀၁၅)ရက်နေ့တွင် ရွှေကျင်မြို့ရှိ ရွှေတူးဖော်ရေးလုပ်ငန်းတွင် လုပ်ကိုင်ခဲ့ကြောင်းပေါ်ပေါက်ခြင်း

တို့ကြောင့် စက်ယန္တရား ငှားရမ်းခငွေ (၂၉၆၀၇၃၅၀/-)အား တရားလို ကုမ္ပဏီမှရရန်ကျန်ရှိကြောင်း တရားလိုနှင့် တရားပြိုင် တို့အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။

အထက်ပါအကြောင်း တရားပြိုင်က တရားလိုကုမ္ပဏီထံ ငှားရမ်းခငွေများပေးရန် ကျန်နေ၍ နှစ်ဖက်စာရင်းရှင်းလင်းကြရာ စက်ယန္တရားငှားရမ်းခကျန်ငွေမှာ (၂၉၆၀၇၃၅၀/-) (ကျပ်နှစ်ရာကိုးဆယ့်ခြောက်သိန်းခုနှစ်ထောင်သုံးရာငါးဆယ်)ဖြစ်ကြောင်း တရားလို တရားပြိုင်တို့ နှစ်ဖက်မှ အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်မှာ မှန်ကြောင်း ဖြေဆိုသည်။

ငြင်းချက်(၄)

ငြင်းချက်(၁)(၂)(၃)ပါ ဖြေဆိုချက်များအရ တရားလို Family United Power Co:Ltd (၎င်း၏ကုမ္ပဏီကိုယ်စား အထွေထွေမန်နေဂျာ ဦးအောင်သူလင်း)သည် တရားပြိုင် Myanmar Nywe Sim Keyal Investment Co:Ltd (၎င်း၏မန်နေဂျင်းဒါရိုက်တာ ဦးထင်အောင်) (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ကေသွယ်(ခ)ကေသွယ်စိုး)ထံမှ စက်ယန္တရား ငှားရမ်းခ ကျန်ငွေ (၂၉၆၀၇၃၅၀/-) (ကျပ်နှစ်ရာကိုးဆယ့်ခြောက်သိန်းခုနှစ်သောင်းသုံးရာငါးဆယ်)အား ရထိုက်ခွင့် ရှိကြောင်း စရိတ်နှင့်တကွ ဒီကရီချမှတ်သည်။

ရှေ့နေစရိတ် ၅၀၀၀ိ/- သတ်မှတ်သည်။

(စံမြင့်)
ဒုတိယခရိုင်တရားသူကြီး (၁၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး